၂၀၂၃ ခုနှစ် ဇူလိုင် ၇ ရက်

**[သတင်းထုတ်ပြန်ချက်]**

**မြန်မာ့နွေဦး၏ လူငယ်တော်လှန်ရေးသမားများ မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်ရုံးအကြီးအကဲနှင့် တွေ့ဆုံပြီး မြန်မာ့အကျပ်အတည်းဖြေရှင်းရာတွင် အာဆီယံဆက်လက်ကျရှုံးနေခြင်းအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြား**

၂၀၂၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာ့နွေဦး၏ လူငယ်တော်လှန်ရေးသမားများသည် မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်ရုံး အကြီးအကဲဖြစ်သူ သံအမတ်ကြီး Mr. Ngurah Swajaya နှင့် တွေ့ဆုံခဲ့သည်။

အစည်းအဝေးကို နွေဦးတော်လှန်ရေးအတွင်း ဖွဲ့စည်းလိုက်သော သပိတ်ကော်မတီများနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများစသည့် မတူကွဲပြားသော နောက်ခံသမိုင်းကြောင်းရှိသည့် အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် တပ်ပေါင်းစုများအပြင် တိုင်းရင်းသားတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု၊ နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အရေးကိစ္စများကို နွေဦးတော်လှန်ရေးမတိုင်မီကတည်းက လုပ်ဆောင်လာခဲ့သော တိုင်းရင်းသားလူငယ်အဖွဲ့အစည်းများ၊ သမဂ္ဂများနှင့် ကွန်ရက်များ၊ နှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ် ၂၆ ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

ထိုအစည်းအဝေးတွင် လူငယ်ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် <u>အာဆီယံဘုံသဘောတူညီချက်ငါးရပ် (Five Point Consensus - 5PC)</u> ကို ချမှတ်ခဲ့ပြီးနောက် နှစ်နှစ်ကျော်ကာလအတွင်း မြန်မာပြည်သူများအပေါ် ကျူးလွန်နေသည့် အကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို အာဆီယံမှ ထိရောက်စွာ တားဆီးနိုင်မှု မရှိခြင်းနှင့် ကျရှုံးနေမှုတို့အပေါ် ၎င်းတို့၏ စိုးရိမ်ပူပန်မှုနှင့် စိတ်ပျက်မှုများကို ထုတ်ဖော်ပြောကြားခဲ့သည်။ ထိရောက်မှုမရှိသည့် ထို ဘုံသဘောတူညီချက်ငါးရပ်ကို ဆက်လက်ထားရှိနေခြင်းက အကြမ်းဖက်စစ်အုပ်စုကို နောက်ထပ်ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်စေရန် အတင့်ရဲစေမည်ဖြစ်ပြီး မြန်မာပြည်သူများ ခံစားနေရသော အတိဒုက္ခကို ပိုမိုဆိုးရွားစေမည်ဟုလည်း လူငယ်များက ထုတ်ဖော်ပြောကြားခဲ့သည်။

လူငယ်ကိုယ်စားလှယ်များက အကြမ်းဖက်စစ်အုပ်စုမှ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူများအပေါ် ဆက်လက်ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ရက်စက်ကြမ်းကြုတ်သောရာဇဝတ်မှုများနှင့် စပ်လျဉ်းသည့် မြေပြင်တွင် ဖြစ်ပွားနေသော လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှု၊ ရွာများကို မီးရှို့မှု၊ တရားလက်လွတ်သတ်ဖြတ်မှုများနှင့်ပတ်သက်သည့် နောက်ဆုံးရအခြေအနေများကို တင်ပြခဲ့ ကြသည်။ တရားမဝင်စစ်အုပ်စု၏ ကျရှုံးနေသော အာဏာသိမ်းရေးကြိုးပမ်းမှု ၂၉ လတာ ကာလအတွင်း ၎င်းတို့

ကျူးလွန်သောရာဇဝတ်မှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် ဂျီနီဗာသဘောတူစာချုပ်များအရ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု မြောက်ကြောင်း ကိုယ်စားလှယ်များက မီးမောင်းထိုးတင်ပြခဲ့သည်။ အဆိုပါရာဇဝတ်မှုများ၏ ဆိုးရွားပြင်းထန်မှုနှင့် အရှိန်မြင့်တက်လာနေမှုတို့သည် မြန်မာစစ်အုပ်စုက ဘုံ သဘောတူညီချက်ငါးရပ်နှင့် အာဆီယံ၏ ဂုဏ်သိက္ခာ ပျက်ပြားအောင်လျစ်လျူရှုခြင်း၏ ထင်ရှားသော အထောက်အထားများ ဖြစ်သည်ဟုလည်း ၎င်းတို့က ထပ်လောင်းပြောကြားခဲ့သည်။

ပိုမိုပြင်းထန်လာနေသော မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ဖြေရှင်းရာတွင် အထူးသံတမန်၏ အခန်းကဏ္ဍမှာ လက်တွေ့တွင်အလုပ်မဖြစ်သကဲ့သို့ ထိရောက်မှုမရှိကြောင်းကို ကိုယ်စားလှယ်များက ထုတ်ဖော်ပြောကြားခဲ့သည်။ အလှည့်ကျတာဝန်ယူရသည့် အာဆီယံဥက္ကဋ္ဌရာထူးနှင့်အတူ အထူးသံတမန်၏ လုပ်ပိုင်ခွင့်သက်တမ်း တစ်နှစ်မှာ မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ဖြေရှင်းရေးအတွက် လုပ်ငန်းအစီအစဉ် ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ဆောင်ရန် အလွန်တိုတောင်းလှသောကြောင့် ထိရောက်မှုရှိပြီး ဗျူဟာကျသော ပုံစံတစ်ရပ်ဖြစ်မနေပေ။ အထူးသံတမန်မှ တရားမဝင်စစ်အုပ်စုနှင့် တရားဝင် ထိတွေ့ဆက်ဆံနေခြင်းသည် စစ်အုပ်စုကို အဆင့်မြင့် အာဆီယံအစည်းအဝေးများမှ ချန်လှပ်၊ ပိတ်ပင်ထားမည်ဆိုသည့် အာဆီယံ၏ ဆုံးဖြတ်ချက်၊ ရပ်တည်ချက်တို့နှင့် ရှေ့နောက်မညီညွတ် ဖြစ်နေသည်ကိုလည်း ကိုယ်စားလှယ်များက ထောက်ပြခဲ့သည်။ တစ်ဖက်တွင်လည်း အထူးသံတမန်အနေဖြင့် အမျိုးသားညီညွတ်ရေး အစိုးရ (National Unity Government - NUG)၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (National Unity Consultative Council - NUCC)၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (Ethnic Revolutionary Organizations - EROs)၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ မြန်မာ့နွေဦး တော်လှန်ရေး၏ အခြားသောအင်အားစုများနှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ (Civil Society Organizations - CSOs) တို့နှင့် တရားဝင်ဆက်သွယ်ရေးနှင့် ထိတွေ့ဆက်ဆံရေး လမ်းကြောင်းများ တည်ဆောက်ထားခြင်း မရှိသေးပေ။

လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးပို့ရေးနှင့်စပ်လျဉ်း၍ အကူအညီများကို အလိုအပ်ဆုံးဖြစ်နေသည့် ပြည်သူများထံ မရောက်ရှိစေရန် မြန်မာစစ်အုပ်စုက လက်နက်သဖွယ် အမြဲတစေအသုံးချပြီး တားဆီးပိတ်ဆို့နေသောကြောင့် အာဆီယံအနေဖြင့် အကူအညီများပေးပို့ရာတွင် မြန်မာစစ်အုပ်စုနှင့် လက်တွဲဆောင်ရွက်ခြင်း သို့မဟုတ် မြန်မာစစ်အုပ်စုမှတစ်ဆင့် ပေးပို့ခြင်းတို့ မလုပ်ဆောင်ရန် ကိုယ်စားလှယ်များက တိုက်တွန်းတောင်းဆိုခဲ့သည်။ အာဆီယံအနေဖြင့် NUG၊ NUCC၊ ERO များနှင့် လက်တွဲလုပ်ဆောင်ရန်နှင့် အမှန်တကယ် အကူအညီလိုအပ်နေသော လူထုအသိုင်းအဝိုင်းများထံ၊ နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများအပါအဝင် အကူအညီများကို ထိရောက်စွာ ပေးပို့နေသည့် ဒေသခံအရပ်ဘက်လူထုအဖွဲ့အစည်းများကို တိုက်ရိုက်ကူညီပံ့ပိုးပေးရန် အရေးတကြီး လိုအပ်နေကြောင်း ကိုလည်း ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

ကိုယ်စားလှယ်များက မြန်မာနိုင်ငံရှိ လူငယ်များသည် နွေဦးတော်လှန်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် မည်ကဲ့သို့သော ကြီးမားသည့် အားထုတ်မှုများနှင့် ပါဝင်အကျိုးပြုနေမှုများကို အထူးသံတမန်ရုံးအကြီးအကဲအား ရှင်းလင်းပြောကြားခဲ့သည်။ လူငယ်များ၏ အားထုတ်မှုနှင့် ပါဝင်မှုများထဲတွင် နိုင်ငံရေးအံတုမှုလုပ်ငန်းစဉ်များကို ကမကထဆောင်ရွက်ခြင်းနှင့် ပါဝင်ခြင်း၊ လက်နက်ကိုင် လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲမှုလုပ်ငန်းစဉ်တွင် ပါဝင်ခြင်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများတွင် ကူညီပံ့ပိုးပေးခြင်း၊ လိုအပ်နေသော လူထုအသိုင်းအဝိုင်းများထံ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် မရှိမဖြစ်လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးနေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်အားလုံးတွင် အမျိုးသမီးများ၏ပါဝင်မှု သေချာစေရေး ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ခြင်းနှင့် မြေပြင်မှ ပြည်သူများ၏အသံများကို မြှင့်တင်ပေးခြင်းတို့ ပါဝင်သည်။

**ထိုအစည်းအဝေးတွင် မြန်မာ့နွေဦးလူငယ်တော်လှန်ရေးသမားများက ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံသစ်အတွက် အောက်ပါ နိုင်ငံရေးလမ်းပြ မြေပုံငါးရပ်ကို တင်ပြခဲ့သည်။**

၁။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်အားလုံးကို အပြီးတိုင်ဖျက်သိမ်းရန်နှင့်တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုရှိသော ဖက်ဒရယ်ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရန်၊

၂။ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန်နှင့် အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု (CiviDisobedience Movement – CDM) ကို ပံ့ပိုးကူညီရန်၊

၃။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးတိုင် ဖျက်သိမ်းရန်၊

၄။ ဖက်ဒရယ်ဒီမိုကရက်စီ ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက်ရန်

(၁) ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတစ်ရပ်ရေးဆွဲရန်နှင့် အတည်ပြုပြဋ္ဌာန်းရန်၊

(၂) သက်ဆိုင်ရာပြည်နယ်များအတွင်းရှိ ကိစ္စရပ်များကို စီမံကွပ်ကဲနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေများနှင့် ပြည်နယ်အစိုးရများကို ဖွဲ့စည်းရန်၊

(၃) ရိုဟင်ဂျာကဲ့သို့သော လူနည်းစုများကို နိုင်ငံသားဖြစ်ခွင့် မရရှိရန် ကန့်သတ်ထားသည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဖျက်သိမ်းရန်၊

(၄) အနာဂတ်နိုင်ငံရေးတွင် စစ်တပ်၏ပါဝင်မှု မရှိစေရေး ကန့်သတ်မှုကို သေချာစွာ လုပ်ဆောင်ရန်၊ နှင့်

၅။ လူမျိုးကြီးဝါဒကို ဆန့်ကျင်ရန်

(၁) ယဉ်ကျေးမှု၊ ယုံကြည်မှုနှင့် လိင်စိတ်ခံယူမှုများအပေါ် အခြေခံသည့် ဖိနှိပ်မှုများအပါအဝင် ဖိနှိပ်မှု ပုံစံအားလုံးကို တိုက်ဖျက်ဖယ်ရှားရန်၊

(၂) စုံလင်ကွဲပြားမှုကို တန်ဖိုးထားရန်နှင့် လေးစားလိုက်နာရန်၊

(၃) ခေါင်းဆောင်မှုအခန်းကဏ္ဍ နေရာများတွင် လူငယ်မျိုးဆက်များ ရောက်ရှိလာစေရေးကို ထောက်ခံအားပေးရန်၊ နှင့်

(၄) အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ပေးရန်နှင့် အားလုံးကြားတွင် တန်းတူညီမျှမှု ကောင်းမွန်တိုးတက်လာစေရေး လုပ်ဆောင်ရန်။

**ကိုယ်စားလှယ်များသည် အာဆီယံအား အောက်ပါအကြံပြုတိုက်တွန်းချက်များကို အဆိုပြုခဲ့သည်။**

၁။ နွေဦးတော်လှန်ရေးတွင် အဓိကကျသော ပါဝင်ပတ်သက်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံမှု၊ ဆွေးနွေးမှု၊ တွေ့ဆုံမေးမြန်းမှုနှင့် ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို တိကျသေချာစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အာဆီယံ အတွင်းမှ အားအင်စိုက်ထုတ်ပြီး လုပ်ကိုင်ဆောင်ရွက်ပေးမည့် အစုအဖွဲ့တစ်ခု တည်ဆောက်ရန်၊ (အဆိုပါ အစုအဖွဲ့၏ သက်တမ်းကို အလှည့်ကျအာဆီယံဥက္ကဋ္ဌတာဝန်နှင့်အတူ ကန့်သတ် မထားသင့်ပေ။)

၂။ မြန်မာနိုင်ငံရှိ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိရောက်မှုရှိပြီး ခိုင်မာအားကောင်းသော ဖြေရှင်းမှုများအတွက် ကုလသမဂ္ဂနှင့် နီးနီးကပ်ကပ် ညှိနှိုင်းစေ့စပ်၊ ပူးတွဲလုပ်ဆောင်ရန်၊

၃။ စစ်အုပ်စုကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ပြီး အာဆီယံ အစည်းအဝေးနှင့် ယန္တရားများ အားလုံးမှ ဖယ်ရှားရေးကို သေချာစွာ လုပ်ဆောင်ရန်နှင့် ၎င်းတို့ကို တရားမဝင် အစုအဖွဲ့တစ်ခုအဖြစ် သတ်မှတ်ဆက်ဆံရန်၊

၄။ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် အကြမ်းဖက်စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်မှုများ အားလုံးကို ရပ်တန့်ရေး ပြင်းထန်စွာတိုက်တွန်းရန်၊

၅။ NUCC၊ မြန်မာနိုင်ငံ၏ တရားဝင်အစိုးရ NUG၊ ERO များ၊ နွေဦးတော်လှန်ရေး အင်အားစုများနှင့် တရားဝင် အစည်းအဝေးနှင့် ထိတွေ့ဆက်ဆံမှုများ စီစဉ်ဆောင်ရွက်ရန်နှင့် တရားဝင်မှုရှိပြီး အပြုသဘောဆောင်သော ပတ်သက်ဆက်ဆံမှုများကို ဖော်ဆောင်ရန်၊

၆။ အာဆီယံ၏ ဘုံသဘောတူညီချက်ငါးရပ်ကို ကျော်လွန်လုပ်ဆောင်ရန်နှင့် ၂၀၂၃ ခုနှစ် မေလတွင် အာဆီယံထံသို့ အရပ်ဘက်လူထုအဖွဲ့အစည်းများ အဆိုပြုပေးပို့ခဲ့သည့် <u>တန်ပြန်မူငါးရပ်ကို</u> ချမှတ်ကျင့်သုံးရန်၊

၇။ ထိခိုက်နစ်နာမှုရှိသော ပြည်သူများ၊ အထူးသဖြင့် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရ သူများ (internally displaced persons - IDPs) နှင့် လူ့ အခွင့်အရေးချိုးဖောက်မှု များတွင် ထိခိုက်နစ်နာသူများနှင့် အသက်ရှင်ကျန်ရစ်သူများအပေါ် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ အပါအဝင် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများကို တိုက်ရိုက်ပေးပို့နိုင်ရန်အတွက် နွေဦးတော်လှန်ရေးအင်အားစုများနှင့် ပူးတွဲလုပ်ဆောင်ရန်၊

၈။ စစ်အုပ်စု၏ “ပုံမှန်အခြေအနေ” သို့ ရောက်ရှိရေး ကြိုးပမ်းရာတွင် အပေါ်ယံနိုင်ငံရေးလုပ်ကွက်အဖြစ် အသုံးချရန် လုပ်ဆောင်နေသော တရားမဝင်အထွေထွေရွေးကောက်ပွဲကို လုပ်ဆောင်၍မရစေရေး

တားဆီးပိတ်ပင်ရန်၊ တရားမဝင် ရွေးကောက်ပွဲမှတစ်ဆင့် တရားဝင်မှုရရှိရန် ကြိုးပမ်းမည့် စစ်အုပ်စု၏ မည်သည့်လုပ်ရပ်ကိုမဆို ငြင်းပယ်ရန်နှင့် ဒီမိုကရေစီ နည်းကျ လုပ်ဆောင်သော နိုင်ငံရေးဖြစ်စဥ်များသာ ပေါ်ပေါက်စေပြီး ယင်းဖြစ်စဥ်များကိုသာလျှင် ဒေသတွင်းနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုစေရေး သေချာစွာ လုပ်ဆောင်ရန်၊

၉။ အရေးယူပိတ်ဆို့မှုများချမှတ်ခြင်း အပါအဝင် လိုအပ်သည့် နိုင်ငံတကာနှင့် ပြည်တွင်းကြိုးပမ်း အားထုတ်မှုများအားလုံးနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန်နှင့် စစ်အုပ်စုထံသို့ လက်နက်၊ ခဲယမ်းနှင့် လေယာဥ်ဆီများ တင်ပို့ရောင်းချမှုကွင်းဆက်အားလုံးကို ပိတ်ပင်တားဆီးရန်၊ နှင့်

၁၀။ မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံ၏ အာဏာကို အမှီအခိုကင်းပြီး လွတ်လပ်သော ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်အဖြစ် အခိုင်အမာထုတ်ဖော်ရန်နှင့် မည်သည့် ပြည်တွင်း၊ ပြည်ပ၏ လွှမ်းမိုးမှု သို့မဟုတ် အမြတ်ထုတ်မှုကိုမဆို တန်ပြန်ဆန့်ကျင်ရန်နှင့် ဖိအားများကို အလျှော့မပေးဘဲ ဘက်မလိုက်မှုနှင့် လွတ်လပ်အမှီအခိုကင်းမှုတို့ဖြင့် ဆောင်ရွက်ရန်။

နောက်ဆုံးအနေဖြင့် ကိုယ်စားလှယ်များက မြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်ရုံး၏ အကြီးအကဲကို ၎င်းတို့နှင့် တွေ့ဆုံပြီး တိုင်းပြည်အတွက် ၎င်းတို့၏ မျှော်လင့်ချက်များ၊ အားထုတ်နေမှုများနှင့် အရေးကြီးသော စိုးရိမ်ပူပန်မှုများကို နားထောင်ပေးခဲ့သည့်အတွက် ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။ အင်ဒိုနီးရှား၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု၍ သံအမတ်ကြီးနှင့် ဤသို့ အပြုသဘောဆောင်သော အပြန်အလှန်တွေ့ဆုံဖလှယ်မှုကိုကြိုဆိုကာ မြန်မာနိုင်ငံ၏အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရေးအတွက် အထူးသံတမန်ရုံး၏ ကြိုးပမ်းအားထုတ်မှုကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအပေါ် ၎င်းတို့မှ ဆက်လက်ထိတွေ့ဆက်ဆံလိုသည့် သဘောဆန္ဒကိုလည်း အသိပေးပြောကြားခဲ့ကြသည်။

***ပိုမို သိရှိလိုပါက ဆက်သွယ်ရန် -***


- Kristen၊ အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု (GSCB)၊ kristen@burmaacs.org
- ကြည်ငြိမ်း၊ အထွေထွေသပိတ်ကော်မတီ (GSC)၊ kyinyein8821@gmail.com
- ရိုးအံ့မင်း၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ poalluse1806@proton.me
- စောနန္ဒာဆူး၊ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ hsue@khrg.org


**ကိုယ်စားလှယ်များ၏ အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် မဟာမိတ်အဖွဲ့အစည်းများမှာ အောက်ပါတို့ ဖြစ်ကြသည်။**

၁။ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ ချင်းကျောင်းသားများသမဂ္ဂ (CSUM)

၃။ အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (GSCC)

၄။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC)

၅။ လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSCN)

၆။ အထွေထွေသပိတ်ညှိနှိုင်းရေးအင်အားစု (GSCB)

၇။ မွန်ပြည်သူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)

၈။ ကချင်ပြည်နယ်လူထုသပိတ်ကော်မတီ (KSCM)

၉။ ကရင်ကျောင်းသားကွန်ရက်အဖွဲ့ (KSNG)

၁၀။ ကရင်လူငယ်အစည်းအရုံး (KYO)

၁၁။ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)

၁၂။ အမျိုးသမီးစစ်သည်တော်တပ်ရင်း (မြောင်)

၁၃။ ပအိုဝ်းလူငယ်အစည်းအရုံး (PYO)

၁၄။ စစ်ကိုင်းဖိုရမ်

၁၅။ ကရင်နီလူငယ်အစည်းအရုံး (UKSY)

**အစည်းအဝေးကို အောက်ပါအဖွဲ့အစည်းများမှ လူငယ်အဖွဲ့ဝင်များက စီစဥ်တက်ရောက်ခဲ့ကြသည်။**

၁။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ (ACDD)

၂။ အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့ (Athan)

၃။ ညီမျှခြင်းမြန်မာ (EQMM)

၄။ မျိုးဆက်လှိုင်း (GW)

၅။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)

၆။ ကယန်းအမျိုးသမီးအစည်းအရုံး (KyWO)

၇။ ရွှေ့ပြောင်းအသံအဖွဲ့ (PV)